# နွေဦးအသံ

the voice of spring

28.5.2021 · Friday · No . 53 · Daily News Pamphlet


## ကြားကာလအတွင်း ကချင်ဒေသအစိုးရ ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရေး၌ ညှိနှိုင်းဆောင်ရွက်ကြမည့်မှုအဖြစ် CRPH နှင့် KPICT (Kachin Political Interim Coordination Team) တို့နှစ်ဘက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြဟုသိရ

သတင်းတို

ရင်းမြစ် – **CRPH** မှ

## အကြမ်းဖက်စစ်အုပ်စု၏လက်အောက်ခံ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် တရားဝင်ခြင်းမရှိသဖြင့် ယင်းအဖွဲ့အစည်းက အတည်ပြုလိုက်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများကို အသိအမှတ်ပြုလက်ခံမည်မဟုတ်ကြောင်း တရားဝင်အစိုးရဖြစ်သော NUG စီမံဘဏ္ဍာနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက အသိပေးထုတ်ပြန်ကြေညာခဲ့

သတင်းတို

ရင်းမြစ် – **NUG** မှ

## နိုင်ငံအနှံ့၌ ပြောက်ကြားသပိတ်စစ်ကြောင်းများ၊ ဆိုင်ကယ်သပိတ်များကို အရှိန်မပြတ် ပြုလုပ်ခဲ့ကြ




မေလ(၂၇)ရက်၊ မန္တလေးမြို့၌ ပြုလုပ်ခဲ့သည့် 'ဆိုင်ကယ်ဟွန်းတီးသပိတ်'ကို တွေ့မြင်ရစဉ်-(ဓါတ်ပုံ-**CJ**)

## ဒီးမော့ဆိုဒ်၌ရိက္ခာသယ်သည့်လူငယ်(၂)ဦးကို စစ်အုပ်စုက ပစ်သတ်ခဲ့

သတင်းတို

ရင်းမြစ် – **RFA** မှ

## မေလ (၅)ရက်မှ (၂၆)ရက်အတွင်း တိုက်ပွဲများ၌ စစ်အုပ်စုမှ (၁၂၈)ဦး သေဆုံးခဲ့ဟု KNU ထုတ်ပြန်ကြေညာ

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံ စစ်အုပ်စု တက်ရောက်ခွင့် ဆိုင်းငံ့ခံရခြင်းကို NUG အစိုးရကြိုဆိုဟုသိရ

သတင်းတို

ရင်းမြစ် – **VOA** မှ

## မြန်မာနိုင်ငံသည် စစ်အုပ်စုကြောင့် ကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာညှိုးနွမ်းပြီး အများက ဖယ်ကြဉ်ခံနေရကြောင်း၊ စစ်အုပ်စု၏အကြမ်းဖက်မှုကြောင့် ပြည်တွင်းစစ်မီးဟုန်းဟုန်းတောက်နိုင်ဟု ငြိမ်းချမ်းရေးလုပ်ငန်းစဉ် PPST ဥက္ကဋ္ဌပြော

သတင်းတို

ရင်းမြစ် – **NUG** မှ

## ဘီလင်းမြို့ ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ ပစ်သတ်ခံရသဖြင့် သေဆုံးခဲ့ပြီး ဇနီးဖြစ်သူမှာ မေးရိုးပွင့်ဒဏ်ရာပြင်းထန်ရရှိ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ကမ္ဘာ့အရပ်ရပ်ရှိ ဗုဒ္ဓဘာသာရဟန်းတော်များက စစ်အုပ်စုကို ဆန့်ကျင်ပြီး ပြည်သူများနှင့်အတူ ရပ်တည်ကြောင်း သပိတ်မှောက်လှုပ်ရှားမှု ပြုလုပ်နေ

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## သာကေတ၊ မာန်ပြေလမ်း (၂၀)ရှိ ဒလံ အုပ်ချုပ်ရေးမှူး ပစ်သတ်ခံခဲ့ရ

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## Total နှင့် Chevron ရေနံကုမ္ပဏီများက မြန်မာနိုင်ငံအတွက် ပေးရမည့် ငွေများကို စစ်အုပ်စုဆီ မပေးဘဲ ဆိုင်းငံ့ထားမည် ဖြစ်ကြောင်း ကြေညာ

သတင်းတို

ရင်းမြစ် – **RFA** မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

**ဖေဖော်ဝါရီ(၁)ရက်မှ မေ(၂၆)ရက်အထိ**

ကျဆုံးသူဦးရေ - ၈၂၈ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၄၄၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၈၁ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
28.5.2021 · Friday · No . 53 · Daily News Pamphlet




## နွေဦးတော်လှန်ရေး

နွေဦး
လေဖြူး
နေခြည်မြူးချိန်။

အေးစက်ခြောက်သွေ့
ဆောင်းဓလေ့ကို
နွေငွေ့နှင်မှုတ်
တွန်းထုတ်ဖီဆန်
တော်လှန်လိုက်ချိန်။

ရွက်ဟောင်းကိုခြွေ
ရွက်သစ်ဝေ၍
နွေဦးကိုဖွင့် ပန်းတိုင်းပွင့်ချိန်။

ရဲဘော်ဥဩ
တောလုံးကိုလှုပ်၊ ခရာတုတ်ချိန်။

ဖက်ဆစ်ဂျပန်
နယ်ချဲ့ရန်ကို
တွန်းလှန်လိုက်ချိန်၊ တော်လှန်ချိန်။

နွေဦး၏တေး၊ တော်လှန်တေးကို
သီကြွေးဆင့်ခေါ်၊ ဒို့ကြွေးကြော်အံ့-
နွေဦးတော်လှန်ရေး အောင်ရမည်။

**မောင်စွမ်းရည်**
(၂၃-မေ-၂၀၂၁)



မေလ(၂၇)ရက်၊ ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာရဟန်းတော်များ၏ သပိတ်မှောက်လှူပ်ရှားမှုကိုတွေ့မြင်ရစဉ် -(ဓါတ်ပုံ- **Internet** )

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

**"သေနတ်ကိုင်ပြီး လူပါးဝတဲ့ခေတ်
နိဂုံးချုပ်တဲ့အထိ ငါတို့တော်လှန်မယ်"**

# သတင်းမှတ်စု

မေလ(၂၇)ရက်၊ ၂၀၂၁



- ပဲခူးတိုင်း၊ ညောင်ပင်သာနှင့် ကညွတ်ကွင်း ဘူတာကြား၌ မန္တလေးမှ ဆင်းလာသည့် အမှတ်(၂)အစုန် စာပို့လူစီးရထားမှာ မေ(၂၆)ရက်၊ ည(၉:၄၀)ခန့်က မိုင်းထိခဲ့သဖြင့် မီးရထားစက်ခေါင်းနှင့် လူစီးတွဲနှစ်တွဲ လမ်းချော်သွားကာ လူမပါရှိသည့် ရထားတွဲသုံးတွဲ ဝမ်းဗိုက်ပွင့်ထွက်ပျက်စီးခဲ့ဟုသိရ။
- မြင်းခြံ စက်မှုဇုန်အနီး သံမဏိစက်ရုံအသွားလမ်းပေါ်ရှိ ဝါးထောင်နားတွင် စစ်အုပ်စုဘက်မှ ဗိုလ်မှူးအဆင့်ရှိသူတဦးနှင့် ဒလံအမျိုးသမီးတို့ကို မြင်းခြံ Zero ပြောက်ကြားတပ်ဖွဲ့က တိုက်ခိုက်ခဲ့ရာ ဗိုလ်မှူးမှာ နေရာတွင်ပင် သေဆုံးခဲ့ပြီး အမျိုးသမီးမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ဟုသိရ။
- မြောက်ဥက္ကလာပမြို့နယ်၊ အ.မ.က(၃၉)၌ မေ(၂၆)ရက်၊ ည(၉)နာရီကျော်ခန့်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ (၂)ဦး ထိခိုက်မှုရှိခဲ့။
- လှိုင်သာယာ၊ (၃) ရပ်ကွက်၊ သာယာကုန်းဘုန်းကြီးကျောင်းရှေ့၌ နေထိုင်သည့် ဒလံနေအိမ်ကို မေ(၂၆)ရက်၊ ည(၉:၄၅)ခန့်က ပစ်သွင်းလိုက်သည့် လက်ပစ်ဗုံး နှစ်လုံး ပေါက်ကွဲခဲ့သော်လည်း အချိန်မီ ဆင်းပြေးသွားသဖြင့် ထိခိုက်မှု မရှိဘဲ နေအိမ်အမိုးများသာ ပွင့်ထွက်ပျက်စီးသွားခဲ့ဟုသိရ။
- သာကေတမြို့နယ် အမှတ် (၁) နှင့် အမှတ် (၂) ရဲစခန်း၊ အမှတ် (၃) ဈေးရှေ့အမိုက်ပုံ၊ (၄)မြောက်ရပ်ကွက်ရှိ အ.မ.က (၃၇) အနီး၊ (၄)တောင်ရပ်ကွက် မြို့မ (၉) လမ်းအနီးရှိ ရေကန်ထောင့်၊ အမှတ် (၃) ရပ်ကွက် မာန်ပြေ (၂၀) လမ်းထိပ် တို့တွင် ပေါက်ကွဲမှု များဖြစ်ပွားခဲ့ပြီး အမှတ်(၂) ရဲစခန်း ပေါက်ကွဲမှု၌ စစ်ကျွန်ရဲနှင့် စစ်သားအချို့ ထိခိုက် ဒဏ်ရာရရှိခဲ့ဟုသိရ။
- သဃ်ာန်းကျွန်းမြို့နယ်၊ လျှပ်စစ်မီတာရုံး၌ နံနက်(၁၀)နာရီ ခန့်၊ အင်းစိန်မြို့နယ် ကညနရုံး၌ နံနက်(၁၁) နာရီခွဲခန့်၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်ရှိ စပေါင်းရုံး၌ ညနေ (၃)နာရီခွဲခန့် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- မန်း၊ မဟာအောင်မြေမြို့နယ်၊ ကျောက်ဝိုင်းအနီး (၃၉)လမ်း (၈၆ နှင့် ၈၈ လမ်းကြား)၌ နံနက်ပိုင်းက ပေါက်ကွဲမှု ဖြစ်ပွားခဲ့။
- ကသာမြို့နယ်၊ မိုးတားစံပြကျေးရွာ ရဲစခန်း၌ မေ(၂၆)ရက်၊ ည(၁၀)နာရီခန့်က မီးလောင်၍ ပြာကျပျက်စီးခဲ့ဟုသိရ။
- ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပံပျားရွာ၌ လက်သုံးချောင်းထောင်ကာ ဓာတ်ပုံရိုက်ခံခဲ့သည့် ကြက်ကြော်ဈေးသည် (၉) ဦးကို စစ်အုပ်စုက ဖမ်းဆီးခဲ့ဟုသိရ။
- ဖောင်းပြင်မြို့နယ်၊ သာစည်ရွာ။ ယင်းမာပင်မြို့နယ်၊ စုန်းချောင်းရွာ။ ဆားလင်းကြီးမြို့နယ်၊ မိုးကြိုးပြင်မြောက်ရွာ။ ဘုတလင်၊ မြို့သစ်ချောင်းရွာ။ ကချင်၊ နမ္မတီး။ ကလောမြို့နယ်၊ ပုန်းအင်းကျေးရွာ တို့၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ် ပြုလုပ်ခဲ့ပြီး မုံရွာမြို့ အမြင့်လမ်းမဘေး ကျေးရွာများ။ ထားဝယ်၊ အရှေ့တောနယ်၊ သရက်ချောင်းမြို့နယ်၊ သင်းကျွန်းတို့၌ ဆိုင်ကယ် သပိတ်ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ စမ်းချောင်း၊ ဂွဈေး။ မန္တလေး၊ တပ်ပေါင်းစု၊ အောင်မြေသာစံ၊ တကာသ၊ သံဃသမဂ္ဂ။ ပုဂံ။ မြင်းခြံ။ မိုးကုတ်။ ပခုက္ကူ။ ကမ္မ။ ရေဦး။ မုံရွာ။ ရွှေဘို။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ မြိုင်။ ဖျာပုံ။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ်ကျေးရွာများ။ မြိတ်။ ရောဝတီ၊ မြန်အောင်။ ဖားကန့်မြို့၊တာမခန်၊ အေးမြသာယာ။ ရှမ်း၊ တောင်ကြီး၊ မိုင်းရှူး။ မွန်-မော်လမြိုင် စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်း ကြီးများဖြင့် ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။

ရင်းမြစ်-မဇ္ဈိမ

**The Voice Of Spring Cartoon**

